JUSTICE FOR MYANMAR

**သတင်းထုတ်ပြန်ချက်**

ဖေဖော်ဝါရီ ၁၄၊ ၂၀၂၂ မြန်မာ

# မြန်မာစစ်တပ်နှင့် ဖက်စပ်လုပ်ငန်းမှ ကီရင်၏ ရုတ်သိမ်းထွက်ခွာမှုကို Justice For Myanmar ကြိုဆို

မြန်မာစစ်တပ်စီးပွားရေးလုပ်ငန်းစုကြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (ဦးပိုင်) နှင့် လုပ်ဆောင်နေသည့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းမှ ရုတ်သိမ်းထွက်ခွာကြောင်း ကီရင်ဟိုးလ်ဒင်း၏ ကြေညာချက်ကို Justice For Myanmar က ကြိုဆိုပါသည်။

ကီရင်ဟိုးလ်ဒင်းသည် ဦးပိုင်နှင့် ဖက်စပ်လုပ်ငန်းနှစ်ရပ်ရှိပြီး ၎င်းတို့မှာ မြန်မာဘရူဝါရီလီမိတက်နှင့် မန္တလေး ဘရူဝါရီလီမိတက်တို့ ဖြစ်သည်။

ဦးပိုင်လုပ်ငန်းသည် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင် မြန်မာစစ်တပ်နှင့် ထိပ်ပိုင်းစစ်ဗိုလ်ချုပ်ကြီးများ အတွက် တိုက်ရိုက်ငွေကြေးထောက်ပံ့သည်။

ဦးပိုင်၏ ရှယ်ယာရှင်များတွင် လူမျိုးတုန်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တာဝန်ရှိသည့် စစ်တပ် တပ်ရင်း/တပ်ဖွဲ့များ ပါဝင်သည်။

မြန်မာဘီယာအား လူထုသပိတ်မှောက်မှုနောက် ၂၀၂၁ ခုနှစ် ပထမသုံးလပတ်အတွက် နှစ်စဉ်အရောင်းဝင်ငွေတွင် ၄၆ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ကီရင်က ကြေညာခဲ့သည်။

**Justice For Myanmar ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "မြန်မာပြည်သူတွေရဲ့ အသံတွေ၊ မြန်မာ၊ ဂျပန်နဲ့ ကမ္ဘာတဝှမ်းက အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ တောင်းဆိုမှုတွေကို နားထောင်ပြီး ဦးပိုင်နဲ့ သူတို့ရဲ့ စီးပွားရေးလုပ်ငန်းကို အပြီးသတ်အဆုံးသတ်ဖို့ အရွေ့တစ်ခုအတွက် ကီရင်ရဲ့ ဆုံးဖြတ်ချက်ကို ကျွန်မတို့ ကြိုဆိုပါတယ်။

"မြန်မာဘီယာကို သပိတ်မှောက်မှုမှာ ပြည်သူသန်းပေါင်းများစွာ ပါဝင်ခဲ့ပါတယ်၊ စုပေါင်းလုပ်ဆောင်မှုက စစ်ရာဇဝတ်ဂိုဏ်းကို ဖျက်ဆီးပစ်နိုင်စွမ်းရှိတယ်ဆိုတာကို ဒီလှုပ်ရှားမှုက ပြသနေပါတယ်။

"ကီရင်အနေနဲ့ မြန်မာနိုင်ငံရဲ့ ရက်စက်ကြမ်းကြုတ်ပြီး အကျင့်ပျက်ခြစားတဲ့စစ်တပ်နဲ့ စီးပွားရေး လုပ်ငန်းတွေ အစကတည်းက လုပ်ဆောင်ခဲ့ဖို့ မသင့်ပါဘူး။

"ကီရင်ရဲ့ အကျိုးအမြတ်များတဲ့ အဖျော်ယမကာလုပ်ငန်းက ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှု တွေအတွက် ငွေကြေးထောက်ပံ့ပေးခဲ့ပြီး ထိပ်ပိုင်းစစ်ဗိုလ်ချုပ်ကြီးတွေကို ကြွယ်ဝချမ်းသာစေခဲ့ ပါတယ်။

"ကီရင်အနေနဲ့ အနှုတ်လက္ခဏာဖြစ်နေနိုင်တဲ့ လူ့အခွင့်အရေးအကျိုးဆက်တွေကို လျော့ချ၊ ကုစားမှု တွေပြုလုပ်ပေးပြီး တာဝန်ယူမှုရှိစွာ ရုတ်သိမ်းထွက်ခွာဖို့ ကျွန်မတို့ တောင်းဆိုပါတယ်။

"ကီရင်အနေနဲ့ စီးပွားရေးလုပ်ငန်းကရုတ်သိမ်းထွက်ခွာဖို့ လုပ်တဲ့အခါ အကြမ်းဖက်စစ်တပ်နဲ့ ဦးပိုင် တို့ဆီ ငွေပေးနေတာတွေကို မဖြစ်မနေ တားဆီးရပါမယ်။

"ကီရင်ရဲ့ရုတ်သိမ်းထွက်ခွာမှုကို အမျိုးသားညီညွတ်ရေးအစိုးရနဲ့ ညှိနှိုင်းတိုင်ပင်ပြီးမှသာ လုပ်ဆောင် ရပါမယ်။

"ကီရင်ရဲ့ထွက်ခွာမှုက အကြမ်းဖက်စစ်ကောင်စီအပါအဝင် သူတို့စီးပွားရေးလုပ်ငန်းစုကြီးတွေနဲ့ ဆက်ပြီး ဆက်နွယ်ပတ်သက်နေတဲ့ တခြားစီးပွားရေးလုပ်ငန်းအားလုံးအတွက် သတိပေးချက်တရပ် ဖြစ်သင့်ပါတယ်၊ အကြမ်းဖက်တွေနဲ့ စီးပွားရေးလုပ်တာက ကောင်းကျိုးပြုမှာ မဟုတ်ပါဘူး။

" Daiwa House, Eneos Holdings နှင့် Yokogawa Bridge Corp တို့ အပါအဝင် စစ်ကောင်စီ၊ သူတို့ စီးပွားရေးလုပ်ငန်းစုကြီးတွေနဲ့ စီးပွားရေးဆက်လုပ်နေကြတဲ့ တခြားသော ဂျပန်ကုမ္ပဏီတွေ အနေနဲ့ ကီရင် ဟိုးလ်ဒင်းအတိုင်း နောက်ကလိုက်လုပ်ရပါမယ်။ မြန်မာစစ်တပ်နဲ့ ဆက်နွယ်မှုတွေကို ဖြတ်တောက်ပြီး အကြမ်းဖက်တွေကို ငွေကြေးထောက်ပံ့နေတာတွေ ရပ်တန့်ရပါမယ်။"

**ထပ်မံသိရှိလိုပါက-**

မြန်မာ့စီးပွားရေးဦးပိုင်လီမီတက်(ဦးပိုင်)အပေါ် ကျွန်ုပ်တို့၏ ဖော်ထုတ်ရေးသားမှုကို ယခုနေရာတွင် ကြည့်ရှုပါ။

ကီရင်ဟိုးလ်ဒင်း၏ နှုတ်ထွက်ကြောင်းကြေညာချက်ကို ယခုနေရာတွင် ကြည့်ရှုပါ။

**Justice For Myanmar**


| | | |
|---|---|---|
| အီးမေးလ် | - | media@justiceformyanmar.org |
| ဝဘ်ဆိုဒ် | - | https://www.justiceformyanmar.org/ |
| ပုံတူဝဘ်ဆိုဒ် | - | https://justiceformyanmar.github.io/justiceformyanmar.org/ |
| တွစ်တာ | - | https://www.twitter.com/justicemyanmar |
| ဖေ့ဘုတ် | - | https://www.facebook.com/justiceformyanmar.org/ |


Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိစေရန်၊ စစ်တပ်စီးပွားရေးများအဆုံးသတ်ရန် တောင်းဆိုနေပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် စည်းရုံးလှုံ့ဆော်နေသော အမည်မဖော်ပြသည့် တက်ကြွလှုပ်ရှားသူများ အစုအဖွဲ့ဖြစ်သည်။